ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အား Update ပြုလုပ်ရန်အသိပေးကြေညာခြင်း

သတင်းလွှာ ( ၇ /၂၀၁၉ )

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၀ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပါအချက်များ Update ပြင်ဆင်နိုင်ရေးကိစ္စ**

၁။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ဖွဲ့စည်းမှတ်ပုံတင်ထားသောကုမ္ပဏီများမှ ပြည်ပနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်များအား ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ အဆိုပါကုမ္ပဏီများအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်ပါပြဋ္ဌာန်းချက်အရ အီလစ်ထရောနစ်ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ထားရာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်များအား ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စကို သတင်းလွှာ (၆/၂၀၁၈) ဖြင့် အသိပေး ကြေညာခဲ့ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ်ထုတ်ပေးသည့် စနစ်အား Myanmar Tradenet 2.0 စနစ်အဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုဆက်စပ်ဌာနများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့စသည့် ဌာနများအတွင်း အခြေခံအချက်အလက်များအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့မှ စတင်၍ တူညီစွာ အသုံးပြုနိုင်ရေး၊ Single Entry ဖြစ်ရေး၊ Single Registration Number အသုံးပြုနိုင်ရေး တို့အတွက် အတည်ပြုညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်

မှတ်ပုံတင်တွင် (MyCO Online) စနစ် ဖြင့်ရရှိခဲ့သော ကုမ္ပဏီမှတ်ပုံတင်အမှတ် TIN No.(9 digit) ပြောင်းလဲလျှောက်ထားခဲ့ခြင်းမရှိသည့် ကုမ္ပဏီများ အနေဖြင့် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ ကျော်လွန်ပါက ပို့ကုန်သွင်းကုန်နှင့်ဆက်စပ်သည့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း ရှိမည်မဟုတ်ပါ။

၄။ ထို့ကြောင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ အီလက်ထရောနစ်ကုမ္ပဏီ မှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ပြီးသော ကုမ္ပဏီများအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက MyCO Online စနစ်ဖြင့် ရရှိခဲ့သော ကုမ္ပဏီမှတ်ပုံတင်အမှတ် TIN No.(9 digit)အား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်နေရာ တွင် **၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့** နောက်ဆုံးထား၍ ပြင်ဆင်ခြင်းလျှောက်ထားကြရန်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သက်မှတ်ကာလဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ် TIN No.(9 Digit) အား ပြင်ဆင်ခြင်းမရှိသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပြီး၊ အဆိုပါ ကုမ္ပဏီများအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ် ပြန်လည်လျှောက်ထားရမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**